## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄)

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ရက်

(၁၉၉၄ ခုနှစ်၊ မတ်လ ၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်၊

(ခ) **စာရင်းပညာ** ဆိုသည်မှာ စာရင်းပြုစုခြင်း၊ စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ စာရင်းရှင်းခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်ပေးသည့်စနစ် ကျင့်သုံးခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက သတ်မှတ်သည့် စာရင်းပညာရပ်များလည်းပါဝင်သည်။

(ဂ) **စာရင်းကိုင်အလုပ်သင်** ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဖြစ်ရန် ကောင်စီ၏ ခွင့်ပြုချက်အရ လက်တွေ့အလုပ်သင်အဖြစ် မှတ်ပုံတင်ထားသူကို ဆိုသည်၊

(ဃ) **စာရင်းကိုင်အလုပ်သင်လုပ်သက်** ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့် စာရင်းပညာကို လက်တွေ့သင်ကြားရမည့် ကာလကို ဆိုသည်၊

(င) **လက်မှတ်ရ ပြည်သူ့စာရင်းကိုင်** ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် စာမေးပွဲ အောင်မြင်ရမည့်အပြင် စာရင်းကိုင်အလုပ်သင် လုပ်သက်အတွင်း လက်တွေ့လုပ်ငန်းများကို ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဆုံး၍ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ထားသူကို ဆိုသည်၊

(စ) **ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူ** ဆိုသူမှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းပညာဆိုင်ရာလုပ်ငန်းကို အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် လုပ်ကိုင်ရန် မှတ်ပုံတင်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် အရည် အချင်း ပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်၊

(ခ) စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်

(ဂ) အစိုးရဌာနများ၊ အဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန်၊

(ဃ) စာရင်းကိုင်အလုပ်သင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင် စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူတို့အား ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းစေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံစာရင်းကောင်စီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | စာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (၂) | တစ်ဆယ်ဦးထက်မပိုသော နိုင်ငံသား စာရင်းပညာရှင်များ | အဖွဲ့ဝင်များ |
| (၃) | လေးဦးထက်မပိုသော သင့်လျော်သည့် နိုင်ငံသားများ | အဖွဲ့ဝင်များ |
| (၄) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်၊

(ဂ) ကောင်စီ၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဃ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီသည် အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအား ချီးမြှင့်ငွေ သတ်မှတ် ခံစားခွင့်ပြုနိုင်သည်။

၆။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက် ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၄)
## ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရဌာနများ၊ အဖွဲ့အစည်းများက စာရင်းပညာနှင့် စပ်လျဉ်း၍ အကြံဉာဏ်များ တောင်းခံပါက အကြံဉာဏ်များပေးခြင်း၊

(ခ) စာရင်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ခြင်း၊ ဒီပလိုမာ၊ အောင်လက်မှတ်များ ပေးအပ်ခြင်း၊ စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စာရင်းပညာနှင့် စပ်လျဉ်း၍ လက်တွေ့သင်ကြားပေးရေးအတွက် စီစဉ် ဆောင်ရွက်ခြင်း၊ စာရင်းကိုင်အလုပ်သင် လုပ်သက်သတ်မှတ်ခြင်း၊ အလုပ်သင်ကြား ပေးနိုင်သည့် စာရင်းကိုင်အဖြစ် အသိအမှတ်ပြုခြင်း၊

(ဃ) နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာ လက်မှတ်နှင့် ဘွဲ့များကို စိစစ်အသိအမှတ်ပြုခြင်း၊ ယင်းသို့အသိအမှတ်ပြုသည့် လက်မှတ်သို့မဟုတ် ဘွဲ့ရရှိထားသည့် နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(င) သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခြင်း၊ ယင်း၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(စ) စာရင်းပညာ ခေတ်မီတိုးတက်စေရေးကို ရှေးရှု၍ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာစာရင်းပညာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီကို ကောင်စီဝင်များ နှင့် အခြားသင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းခြင်း၊

(ဇ) စာရင်းကိုင်အလုပ် သင်ကြားပေးနိုင်မည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ အမည်စာရင်းကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ယင်း လုပ်ပိုင်ခွင့်များကို စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီအား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဈ) ဤဥပဒေအရဖွင့်လှစ်သော စာရင်းပညာဆိုင်ရာသင်တန်းများ သင်ကြားပို့ချမှု အဆင့်မီမမီ လိုအပ်သလို စီစစ်သုံးသပ်ခြင်း၊

(ည) လိုအပ်သော ကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်း၍ ယင်းကော်မတီများ၊ အဖွဲ့များ၏ တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းကို စိစစ်၍ခွင့်ပြုခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သော ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများကို အရေးယူခြင်း၊

(ဍ) ဤဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း။

## အခန်း (၅)
## စာရင်းကိုင်အလုပ်သင်အဖြစ် မှတ်ပုံတင်ခြင်း

၈။ စာရင်းကိုင်အလုပ်သင်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံသားသည် ကောင်စီ၏ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရန် ကောင်စီသို့လျှောက်ထားနိုင်သည်။

၉။ ကောင်စီသည် လျှောက်ထားသူ၏လျှောက်လွှာကို စိစစ်ပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား -

(က) စာရင်းကိုင်အလုပ်သင်အဖြစ် ရွေးချယ်၍ မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) သတ်မှတ်သည့် မှတ်ပုံတင်ကြေး၊ သင်တန်းကြေးနှင့် စာမေးပွဲဝင်ကြေးတို့ကို ပေးဆောင်စေရမည်၊

(ဂ) မှတ်ပုံတင်တွင် စာရင်းကိုင်အလုပ်သင်အဖြစ် ရေးသွင်းထားရှိရမည်။

၁၀။ စာရင်းကိုင်အလုပ်သင်သည် စာရင်းကိုင်အလုပ်သင် လုပ်သက်အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ သင်ကြားမှုကို ခံယူရမည်။

၁၁။ ကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် စာမေးပွဲအောင်မြင်ပြီး စာရင်းကိုင်အလုပ်သင်လုပ်သက်အတွင်း လက်တွေ့လုပ်ငန်းများကို ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဆုံးသူအား လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ခြင်း

၁၂။ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့် ကိုက်ညီပါက မှတ်ပုံတင်ပေးရန် ကောင်စီသို့လျှောက်ထားနိုင်သည် -

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ၊

(ခ) မှတ်ပုံတင်စာရင်းကိုင် စာမေးပွဲအောင်မြင်ပြီး နည်းခံ လုပ်သက်အတွင်း လက်တွေ့လုပ်ငန်းများကို ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဆုံးသူ၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုက ပေးအပ်ပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် စာရင်းပညာဆိုင်ရာ လက်မှတ် သို့မဟုတ် ဘွဲ့ရရှိသူ၊

(ဃ) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီ နည်းဥပဒေများအရ မှတ်ပုံတင်စာရင်းကိုင်အဖြစ် မှတ်ပုံတင်ထားပြီးသူ သို့မဟုတ် ယင်းသို့မှတ်ပုံတင်ခွင့်ရှိသူ။

၁၃။ ကောင်စီသည် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား -

(က) မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်၊

(ဂ) မှတ်ပုံတင်တွင် အမည်စာရင်းရေးသွင်းပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၄။ (က) လက်မှတ်ရပြည်သူ့စာရင်းကိုင် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်၊

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးဆောင်စေ၍ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

## အခန်း (၇)

## ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခြင်း

၁၅။ ပုဒ်မ ၁၃ အရ မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လိုပါ က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

၁၆။ ကောင်စီသည် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား -

(က) မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်၊

(ဂ) မှတ်ပုံတင်တွင် အမည်စာရင်း ရေးသွင်းပြီး ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၁၇။ (က) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးဆောင်စေ၍ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

## အခန်း (၈)

## ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

၁၈။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် အောက်ပါတာဝန်များရှိသည် -

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအား ကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

၁၉။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် စာရင်းပညာလုပ်ငန်း ဆောင်ရွက်ရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် မညီသော အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ -

(က) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ကြော်ငြာခြင်း၊ တစ်နည်းနည်းဖြင့် စာရင်းပညာဆိုင်ရာအလုပ်ကို တောင်းယူခြင်း၊ မိမိအား ငှားရမ်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင် အခြေတည်၍ လုပ်ခငွေတောင်းယူခြင်း၊

(ဂ) ကောင်စီက လိုအပ်၍တောင်းဆိုသည့် စာရင်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပေးရန်ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာ သိရှိစေသော အကြောင်းအချက်များကို အလုပ်ရှင်၏ ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မဟုတ်ဘဲ ထုတ်ဖော်ပြောဆိုခြင်း၊

(င) မိမိအားပေးအပ်သည့် စာရင်းပညာဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သော သတိမထားရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) လက်မှတ်ရပြည်သူ့စာရင်းကိုင် မဟုတ်သူများနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းများတွင် အစုစပ်ပါဝင်ဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကို လက်ခံခြင်း၊

(ဇ) စာရင်းစစ်များခန့်ထားခြင်း ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မလိုက်နာခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကို ခန့်မှန်းတွက်ချက် အတည်ပြုပေးခြင်း၊ သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်း မပြုဘဲ တစ်နှစ်ထက်ပိုသောနှစ်များအတွက် ပျမ်းမျှအမြတ်ငွေ ရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန် အတည်ပြုပေးခြင်း၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကို စနစ်တကျ သုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သောစာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန် ပျက်ကွက်ခြင်း။

၂၀။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် -

(က) ယင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) သင့်တင်မျှတသောလုပ်ခကို တောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊

(ဃ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၉)

## ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများအား အရေးယူခြင်း

၂၁။ (က) ကောင်စီသည် ပုဒ်မ ၁၈ တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်သည် သို့မဟုတ် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာ တစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူအား စုံစမ်းစစ်ဆေးနိုင်ရန် ကောင်စီဝင် အနည်းဆုံး ၁ ဦးပါဝင်သော အဖွဲ့ဝင် ၃ ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီသို့ တင်ပြရမည်၊

(ဂ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(၃) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၂။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အကျင့်စာရိတ္တပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ခ) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၃။ (က) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူသည် သတ်မှတ်သည့်ကာလ ကုန်ဆုံးသည့်အခါ ကိုယ်ပိုင် စာရင်းကိုင်လုပ်ငန်း ပြန်လည်မှတ်ပုံတင်ခွင့် ရရှိရေးအတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေများ ပေးဆောင်စေ၍ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေး နိုင်သည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၄။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၂၁ သို့မဟုတ် ပုဒ်မ ၂၂ အရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၅။ ကောင်စီသည် ပုဒ်မ ၂၄ အရ တင်သွင်းသည့် အယူခံမှုများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည် -

(က) အတည်ပြုခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) ပြန်လည်စုံစမ်းစစ်ဆေးစေခြင်း။

၂၆။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၂၇။ မည်သူမျှ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်မရှိဘဲ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတွင် စာရင်းစစ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၈။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၉။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် မည်သည့်စာရင်း၊ ဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့်အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်းမပြုရ။

၃၀။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုစပ်ဝင်ကသော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ပြည့်စုံစွာ စစ်ဆေးထားခြင်းမရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း

သို့မဟုတ် မည်သည့်စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ် ရေးထိုးခွင့် မပြုရ။

## အခန်း (၁၂)
## ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိချမှတ်ရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၄။ (က) ကောင်စီ၏ ကုန်ကျစရိတ်များကို စာရင်းစစ်ချုပ်ရုံးက ကျခံရမည်၊

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သောဝန်ထမ်းများကို စာရင်းစစ်ချုပ်ရုံးက စုစည်းသတ်မှတ်ပေးရမည်။

၃၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ စာချုပ်စာတမ်းတစ်ခုခုတွင်သော် လည်းကောင်း၊ အမှတ်သားတစ်ခုခုတွင်သော်လည်းကောင်း မှတ်ပုံတင်စာရင်းကိုင်ဟု ရည်ညွှန်း

ထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

၃၆။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ စာရင်းကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံစာရင်းကောင်စီကို ဖွဲ့စည်းခြင်းမပြုမီ ဤဥပဒေအရ ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။

၃၇။ ၁၉၇၂ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) စာရင်းစစ်ချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၉။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ
## ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂/၉၄ )

ရန်ကုန်မြို့ ၁၃၅၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၉၃-၉၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃) တို့တွင် ခွင့်ပြုထားသော

သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ)

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၃/၉၄ )

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၉၄-၉၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၉၄ ခုနှစ် ၊ ဧပြီလ ၁ ရက် နေ့မှ စတင် အာဏာတည်ရမည်။

### အပိုင်း ၂
### နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊
### အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊
### ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

# အခန်း (၁)

## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁)နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေနှင့် အခန်း(၃)အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင်

ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးငွေရယူငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီ ရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့တင်ပြသော ၁၉၉၄-၉၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)
## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား(၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက် များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်းမသုံးစွဲလျှင် မဖြစ်သည့်ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန် အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့်အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံ နိုင်သည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း(၃)ပါ ကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃)အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း(၃)အရ ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ်

ချေးယူလက်ခံရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်း တစ်သောင်းငါးထောင် ပမာဏထက် မပိုစေရ။

## အပိုင်း ၃
## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေး

နိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၄-၉၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၆။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာ တွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇)နှင့် (၈)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၄-၉၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၉။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅
## စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂၀။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ**

**( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၉၄ )**

ရန်ကုန်မြို့ ၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကောင်မရှင်ကို ဆိုသည်၊

(ခ) **နိုင်ငံသား** ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူပါဝင်သည်။

(ဂ) **အဆိုပြုချက်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအတွက် သတ်မှတ်ချက်နှင့်အညီ ကော်မရှင်သို့တင်သွင်းသော လျှောက်လွှာနှင့် သတ်မှတ်ထားသည့် စာရွက်စာတမ်းများကို ဆိုသည်၊

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကော်မရှင်က သဘောတူခွင့်ပြုသည့် အမိန့်ကိုဆိုသည်၊

(င) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်၊

(စ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်မှု ပြုလုပ်၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ နိုင်ငံသား သို့မဟုတ် ယင်းက တရားဝင် ကိုယ်စားလှယ် လွှဲအပ်သည့် နိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် သမဝါယမ အသင်းဥပဒေအရ ဖွဲ့စည်းသည့် သမဝါယမအသင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသည့်နိုင်ငံသားများသာ ပါဝင်သော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အဖွဲ့အစည်း သို့မဟုတ် ယင်းတို့က တရားဝင်ကိုယ်စားလှယ်လွှဲအပ်သည့် နိုင်ငံသားများလည်းပါဝင်သည်။

(ဆ) **ရင်းနှီးမြှုပ်နှံမှု** ဆိုရာတွင် အောက်ပါတို့ပါဝင်သည် -

(၁) ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားငွေ၊ စီးပွားရေးလုပ်ငန်းမှရရှိသည့် အမြတ်ငွေ အနက်မှ ပြန်လည်ရင်းနှီးမြှုပ်နှံသည့်ငွေ၊

(၂) စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊

(၃) မြေ၊ အဆောက်အအုံ၊

(၄) ကုန်ကြမ်းပစ္စည်း၊

(၅) တန်ဖိုးဖြတ်နိုင်သော နည်းပညာ၊ ကုန်အမှတ်တံဆိပ်၊ လိုင်စင်၊ မူပိုင် အခွင့်အရေး။

(ဇ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်တစ်ခုခုသို့မဟုတ် ဗဟိုဘဏ်နှင့် အဆက်အသွယ် ပြုလုပ်ထားသော ဘဏ်တစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေရန်၊

(ခ) ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) ပြည်တွင်းထွက် သယံဇာတပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်လာနိုင်စေရန်၊

(ဃ) သွင်းကုန်အစားထိုးလုပ်ငန်းများ တည်ထောင်လာစေရန်၊

(င) ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်စေရန်၊

(စ) နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊

(ဆ) အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာစေရန်၊

(ဇ) ပုဂ္ဂလိကနှင့် သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဈ) ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ည) ငွေကြေးဈေးကွက်တွင် ကျယ်ပြန့်စွာပါဝင်လာနိုင်စေရန်။

## အခန်း (၃)
## သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၄။ ဤဥပဒေသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော စီးပွားရေးလုပ်ငန်းများ သို့မဟုတ် စီးပွားရေး အမျိုးအစားများနှင့်သာ သက်ဆိုင်စေရမည်။

## အခန်း (၄)

## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အလို့ငှာ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် စီးပွားရေးလုပ်ငန်း အမျိုးအစားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံလိုသူက ကော်မရှင်သို့တင်ပြသည့် အဆိုပြုချက်ကို စိစစ်၍ လက်ခံသင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဂ) အဆိုပြုချက်ကို လက်ခံလျှင် ခွင့်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးခြင်း၊

(ဃ) ခွင့်ပြုမိန့်သက်တမ်းကို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန်ဖြစ်စေ၊ ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းရန်ဖြစ်စေ၊ ရပ်စဲရန်ဖြစ်စေ၊ သဘောတူညီချက်ကို ပြင်ဆင်ပေးရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် လိုအပ်သလို ဆုံးဖြတ်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူတစ်ဦးဦးက ကော်မရှင်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ပေးပါရန် တင်ပြလာပါက ပြန်လည်စိစစ်သုံးသပ်ပြီး ပြင်ဆင်ဆုံးဖြတ်ခြင်း၊

(စ) ကော်မရှင်က လိုအပ်သည်ဟု ထင်မြင်သည့် အထောက်အထားများ၊ အချက်အလက်များ၊ နှစ်ပတ်လည်အစီရင်ခံစာများ သို့မဟုတ် ငွေစာရင်းများကို ရင်းနှီးမြှုပ်နှံသူထံမှ မည်သည့်အခါမဆို တောင်းဆိုနိုင်ခြင်း၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များအား ခေါ်ယူခန့်ထားခွင့်ပြုရန် ရင်းနှီးမြှုပ်နှံသူက တင်ပြလာပါက လိုအပ်သလိုစိစစ်ပြီး ကာလအကန့်အသတ်ဖြင့် ခန့်ထားခွင့်ပြုခြင်း၊

(ဇ) ရင်းနှီးမြှုပ်နှံသူတစ်ဦးဦး၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ခံစားခွင့်ပြုရေးနှင့် ထိုက်သင့်သော ကူညီပံ့ပိုးမှုများပေးရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားခြင်း၊

(ဈ) ရင်းနှီးမြှုပ်နှံသူက ဤဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ မရရှိကြောင်း တင်ပြလာလျှင် လိုအပ်သလို အရေးယူဆောင်ရွက်ပေးခြင်း၊

(ည) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ရင်းနှီးမြှုပ်နှံသူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊

(ဋ) ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကော်မတီများ၊ အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်ခြင်း။

၇။ ပုဒ်မ ၆ ပုဒ်မခွဲ(င) အရ ကော်မရှင်က ယင်း၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ် ဆုံးဖြတ်ခြင်းမှတစ်ပါး ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၅)
## အဆိုပြုချက်တင်ပြခြင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၈။ ဤဥပဒေအရ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် ရင်းနှီးမြှုပ်နှံလိုသူသည် ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကို ဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားရမည်။

၉။ ကော်မရှင်သည် အဆိုပြုချက်လက်ခံရရှိသောအခါ အဆိုပြုချက်ပါ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် သင့် မသင့်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍စိစစ်ရမည် -

(က) နိုင်ငံတော်၏မူဝါဒများနှင့် ကိုက်ညီမှု ရှိမရှိ၊

(ခ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်မှု ရှိမရှိ၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုမပြု၊

(ဃ) ငွေရေးကြေးရေး ယုံကြည်စိတ်ချရမှု ရှိမရှိ၊

(င) စီးပွားရေး တွက်ခြေကိုက်မှု ရှိမရှိ၊

(စ) စက်မှုနှင့် နည်းပညာ ဆီလျော်မှု ရှိ မရှိ၊

(ဆ) လုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိမရှိ။

၁၀။ ကော်မရှင်သည် အဆိုပြုချက်ကိုလက်ခံလျှင် ရင်းနှီးမြှုပ်နှံလိုသူအား သတ်မှတ်ချက်နှင့် အညီခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၁။ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရန် တာဝန်ရှိခြင်း၊

(ခ) မြန်မာ့အာမခံဥပဒေနှင့်အညီ မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိရန် တာဝန်ရှိခြင်း၊

(ဂ) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များအား ခေါ်ယူခန့်ထားရန် လိုအပ်ပါက ကော်မရှင်၏ ခွင့်ပြုချက်ရယူပြီး ကာလအကန့်အသတ်ဖြင့် ခန့်ထားခွင့်ရှိခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုများ ရနိုင်ခွင့်ရှိခြင်း၊

(င) စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုအကူအညီနှင့် နည်းပညာများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ ရယူသုံးစွဲခွင့်ရှိခြင်း၊

(စ) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သို့မဟုတ် ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ ရရှိနိုင်ရန် အလို့ငှာ ကော်မရှင်၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ပြင်ဆင်ရန် လိုအပ်သည်ဟု ယူဆပါက ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ပေးရေး အတွက် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်း၊

(ဆ) မိမိ၏ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ ရရှိရေးအတွက်လည်းကောင်း နစ်နာချက်များနှင့် အရေးယူပေးရေးအတွက်လည်းကောင်း၊ ကော်မရှင်နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ တင်ပြခွင့် ရှိခြင်း၊

(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင် လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဖွဲ့စည်း၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိခြင်း၊

## အခန်း (၇)
## အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၁၂။ နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်အလို့ငှာ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား စီးပွားရေးလုပ်ငန်း စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၃ နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်။

၁၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ပုဒ်မ ၁၂ပါ အခွင့်အရေးအပြင် အမိန့်ကြော်ငြာစာထုတ်ပြန်၍အောက်ပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် တစ်ရပ်ကို ဖြစ်စေ တစ်ရပ်ထက်ပို၍ဖြစ်စေ ခံစားခွင့်ပြုနိုင်သည် -

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု၏ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားငွေပါဝင်ပါက ယင်းနိုင်ငံခြားငွေပမာဏအပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်၊

(ခ) စီးပွားရေးလုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းမှဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုမှဖြစ်စေ၊ သတ်မှတ်သည့် နိုင်ငံခြားငွေရရှိလျှင် ထိုသို့ရရှိသည့်အမြတ်ငွေအပေါ်တွင် ကာလအကန့်အသတ်ဖြင့် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်၊

(ဂ) နိုင်ငံတော်အကျိုးဖြစ်ထွန်းသော စီးပွားရေးလုပ်ငန်းဖြစ်ပြီး ကုန်ထုတ်လုပ်မှုကြောင့်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းကြောင့်ဖြစ်စေ သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်းပြည်ပဝင်ငွေ တိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်၊

(ဃ) စီးပွားရေးလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်း၊ နိုင်ငံတော်အတွက် အဓိကလိုအပ်သည်ဟု သတ်မှတ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး အကျိုးအမြတ်အနည်းငယ်ဖြင့် ဆောင်ရွက်သည့်

စီးပွားရေးလုပ်ငန်းဖြစ်ပါက ဝင်ငွေခွန်သက်သာခွင့်ကို သတ်မှတ်ချက်နှင့်အညီ သင့်လျော်သောကာလအထိ ခံစားခွင့်၊

(င) နည်းပညာရပ်များကို အသုံးပြုပြီး အဆင့်မြင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက ဝင်ငွေခွန် သက်သာခွင့်ကို သတ်မှတ်ချက်နှင့်အညီ သင့်လျော်သောကာလအထိ ခံစားခွင့်၊

(စ) စီးပွားရေးလုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဆ) ဝင်ငွေခွန်စည်းကြပ်ရန် အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ၊ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ၏ ပစ္စည်းတန်ဖိုးလျော့ငွေကို သတ်မှတ်ထားသည့် နှုန်းများအတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်၊

(ဇ) သတ်မှတ်ထားသည့် ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌မရရှိနိုင်သည့် အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကရိယာအစိတ်အပိုင်း၊ လုပ်ငန်းသုံးပစ္စည်း များအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဈ) သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ ၃နှစ်အတွက် ကုန်ထုတ်လုပ်ရန် ကော်မရှင်က တင်သွင်းခွင့်ပြုသည့်ကုန်ကြမ်းများ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ည) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဋ) ကော်မရှင်က သတ်မှတ်သည့် ဝေးလံခေါင်းပါးဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုသော စီးပွားရေးလုပ်ငန်းဖြစ်ပါက ဝင်ငွေခွန်သက်သာခွင့်ကို သတ်မှတ်ချက်နှင့်အညီ သင့်လျော်သောကာလအထိ ခံစားခွင့်။

## အခန်း (၈)
## အာမခံချက်

၁၄။ ခွင့်ပြုမိန့်ရရှိထားသော စီးပွားရေးလုပ်ငန်းကို ခွင့်ပြုမိန့်ပါ သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၁၅။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(င) နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

၁၆။ ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)အရ ချမှတ်သော ဒဏ်ကြေးကို ပေးဆောင်ရန် ပျက်ကွက်လျှင် ယင်းဒဏ်ကြေးကို တည်ဆဲဥပဒေများနှင့်အညီ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၀)

## အထွေထွေ

၁၇။ အမျိုးသားစီးမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ကော်မရှင်သည် -

(က) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၄)

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ရက်

(၁၉၉၄ ခုနှစ်၊ ဇွန်လ ၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥဒေကို သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **သိပ္ပံ** ဆိုသည်မှာ အခြေခံသိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်များကိုဆိုသည်၊

(ခ) **နည်းပညာ** ဆိုသည်မှာ အသိပညာနှင့် အတတ်ပညာကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှု အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုပညာရပ်ကိုဆိုသည်၊

(ဂ) **သိပ္ပံနှင့်နှင့် နည်းပညာဖွံ့ဖြိုးမှုလုပ်ငန်း** ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် လုပ်ငန်းကိုဆိုသည်၊

(ဃ) **သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း** ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှု များကို လက်တွေ့ပြုလုပ် ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့

အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် လုပ်ငန်းကိုဆိုသည်၊

(င) **နည်းပညာလွှဲပြောင်းရေး** ဆိုသည်မှာ နည်းပညာကို ဤဥပဒေနှင့်အညီ လွှဲပြောင်းခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်ပစ္စည်းရောင်းချခြင်း၊ ဝယ်ယူခြင်းနှင့် အငှားချထားခြင်းတို့ မပါဝင်၊

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးကောင်စီကို ဆိုသည်၊

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို တာဝန်ယူရသော ဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသန ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများကို အထောက်အကူဖြစ်စေမည့် စက်မှု ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်တွင်း သယံဇာတပစ္စည်းများကို ပိုမိုထုတ်ယူသုံးစွဲနိုင်ရေး၊ ခေတ်မီ သိပ္ပံနှင့်နည်းပညာကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ တည်ထောင်နိုင်ရေးတို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန်၊

(ဂ) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးတို့အတွက် နည်းပညာလွှဲပြောင်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ အတွက်လိုအပ်သော ပညာရှင်များ မွေးထုတ်ရေးနှင့် ယင်းတို့၏အရည်အချင်း တိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်းပြည်ပရှိ သုတေသနဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံနှင့်နည်းပညာ နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ထိထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်။

## အခန်း (၃)
## အမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးကောင်စီ ကို ဖွဲ့စည်းရမည်-

(၁) အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ အဖွဲ့ဝင်များ

(၃) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအကဲများ — အဖွဲ့ဝင်များ

(၄) သင့်လျော်သည့် ပညာရှင်များ — အဖွဲ့ဝင်များ

(၅) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသန ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ကောင်စီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနကသတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိက ပညာရှင်များက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်း များ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အားပေးခြင်း၊ အထောက်အကူပြုခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကပညာရှင်များက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များ မွေးထုတ်နိုင်ရန်နှင့် ယင်းတို့၏အရည်အချင်းတိုးတက် မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြည်ပသုတေသနဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များချမှတ်ခြင်း၊

(ဆ) သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ဇ) လိုအပ်သော ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဈ) သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ကျင်းပရေး၊ တက်ရောက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(ည) ပြည်တွင်းပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ဋ) သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ၊ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဌ) သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊

(ဍ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အခါအားလျော်စွာအစိုးရအဖွဲ့သို့တင်ပြခြင်း။

## အခန်း (၅)

## မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာနဖွဲ့စည်းခြင်း

၇။ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ကို မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသန ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်။

၈။ ဦးစီးဌာနသည် ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

## အခန်း (၆)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံနှင့် နည်းပညာကို အခြေခံသော သုတေသနလုပ်ငန်းများ၊ လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှု နည်းပညာ အခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေးကို ဦးတည်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဓာတ်ခွဲခန်းအဆင့်တွင် အောင်မြင်ပြီးစီးသော သုတေသနလုပ်ငန်းများကို ကုန်ထုတ်လုပ်မှုအဆင့်ရောက်ရှိစေရန် လိုအပ်သည့်ဖွံ့ဖြိုးမှုအဆင့် သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) စီးပွားဖြစ်ထွန်းမှု အလားအလာရှိသော သယံဇာတပစ္စည်းများ အသုံးချနိုင်မှု အစီအစဉ်ကိုလေ့လာဖော်ထုတ်ခြင်း၊

(င) စမ်းသပ်စက်ရုံ တည်ဆောက်ခြင်း၊ စက်ပစ္စည်းကိရိယာများကို ပုံစံပြုခြင်း၊ ထုတ်လုပ်ခြင်း၊

(စ) သိပ္ပံနှင့်နည်းပညာဆိုင်ရာပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အလေး၊အတိုင်းအတာ၊ အချင်အတွယ်၊ စက်ကိရိယာနှင့် ကုန်ကြမ်းကုန်ချော များအတွက် စံသတ်မှတ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်းပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ ကောင်စီသို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) အဏုမြူစွမ်းအင် အသုံးချရေးနှင့် အဏုမြူရောင်ခြည် ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) ဗဟိုသိပ္ပံစာကြည့်တိုက် ဖွင့်လှစ်ထားရှိပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာစာပေများကို ဝယ်ယူစုဆောင်းခြင်း၊ အလဲအလှယ်ပြုခြင်း၊

(ဌ) သိပ္ပံနှင့်နည်းပညာဆိုင်ရာအကြံပေးမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်ကြားရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ သိပ္ပံနှင့်နည်းပညာစာစောင်များ ပြုစုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိရောင်းချခြင်း၊

(ဍ) ကောင်စီ သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်ပေးထားသော သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်များကို ဆောင်ရွက်ခြင်း၊

## အခန်း (၇)
## နည်းပညာ လွှဲပြောင်းရေး

၁၀။ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို မိမိစမ်းသပ်အောင်မြင်မှုရရှိထားသော နည်းပညာကို အောက်ပါနည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်သည် -

(က) မည်သူကိုမဆို အခမဲ့အသုံးပြုခွင့်ပေးခြင်း၊

(ခ) နှစ်ဖက် သဘောတူစာချုပ်ဖြင့် ပြည်တွင်းတွင် ရောင်းချခြင်း သို့မဟုတ် အခကြေးငွေရယူပြီး နှစ်အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးခြင်း။

၁၁။ ပြည်ပသို့လည်းကောင်း၊ ပြည်တွင်းသို့လည်းကောင်း နည်းပညာလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသော နည်းလမ်းများနှင့် စည်းကမ်းချက်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

၁၂။ မည်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမဆို မိမိစမ်းသပ်အောင်မြင်မှုရရှိထားသော နည်းပညာကို ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ)အရ လွှဲပြောင်းရာတွင် -

(က) သက်ဆိုင်ရာတီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကို ဖော်ထုတ်ပြီး အစအဆုံး ဦးစီးခေါင်းဆောင်၍ အဓိကပါဝင်ဆောင်ရွက်သူများအား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငွေကြေးအကျိုးခံစားခွင့်ပြုနိုင်သည်၊

(ခ) နည်းပညာကို လွှဲပြောင်းအသုံးပြုခွင့်ရရှိသူက အလိုရှိလျှင် သက်ဆိုင်ရာ တီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကို ဖော်ထုတ်ပြီး အစအဆုံး ဦးစီးခေါင်းဆောင်၍ အဓိက ပါဝင်ဆောင်ရွက်သူများအား တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သည်။

၁၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ)အရ နည်းပညာလွှဲပြောင်းသည့် နှစ်ဖက်သဘောတူစာချုပ်တွင် အောက်ပါအချက်များပါရှိစေရမည် -

(က) လွှဲပြောင်းပေးသည့် နည်းပညာ၏ သဘောသဘာဝနှင့် လက်တွေ့အသုံးချမှု အခြေအနေဖော်ပြချက်၊

(ခ) လွှဲပြောင်းသည့် နည်းပညာအမျိုးအစား၊ ပုံစံနှင့် ငွေကြေးပေးချေမှုပမာဏ ဖော်ပြချက်၊

(ဂ) လွှဲပြောင်းသည့် နည်းပညာကို အသုံးပြုခွင့်ပေးသည့် သက်တမ်းကာလ ဖော်ပြချက်၊

(ဃ) လွှဲပြောင်းသည့် နည်းပညာနှင့်စပ်လျဉ်း၍ လွှဲပြောင်းသူနှင့် လက်ခံရယူသူတို့၏ တာဝန်နှင့် အခွင့်အရေးများဖော်ပြချက်၊

(င) အခြားသဘောတူညီချက်များ။

၁၄။ ဦးစီးဌာနသည် မိမိလက်အောက်တွင် နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဖက်သဘောတူ စာချုပ်များ မှတ်ပုံတင်ထားရှိနိုင်ရန် မှတ်ပုံတင်ရုံး ဖွင့်လှစ်တည်ထောင်ထားရှိရမည်။

၁၅။ နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်ကို -

(က) သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်၊

(ခ) မှတ်ပုံတင်ထားခြင်းမရှိလျှင် ယင်းစာချုပ်ကို အခြေပြု၍ တရားမကြောင်းအရ တရားစွဲဆိုခွင့် မရှိစေရ။

၁၆။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် တီထွင်မှု မူပိုင်ခွင့်ရရှိပြီးဖြစ်သော တီထွင်မှုများ သို့မဟုတ် မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သော ဒီဇိုင်းများကို လွှဲပြောင်းခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၈)

## အထွေထွေ

၁၇။ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၈။ (က) ကောင်စီ၏ ကုန်ကျစရိတ်များကို ဦးစီးဌာနက ကျခံရမည်။

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၀။ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့်**

**သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄)**

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ရက်

(၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ** ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဆိုသည်၊

(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့် ပိုးလောင်းများကို ဆိုသည်၊

(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံနွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏ မျိုးစေ့များကို ဆိုသည်။

(ဃ) **သဘာဝနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့် ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့်နယ်မြေကိုဆိုသည်။

(င) **သက်ရှိသက်မဲ့ ဖွဲ့စည်းမှု** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကိုဆိုသည်။

(စ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်းပေါက်ဖွား ကျက်စားရာ နယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကိုဆိုသည်၊

(ဆ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဇ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ကြိုးပြင်ကာကွယ် တောတို့ကိုဆိုသည်။

(ဈ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်။

(ည) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ကော်မတီကိုဆိုသည်။

(ဋ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်၊

(ဌ) **ဝန်ကြီး** ဆိုသည်မှာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အကြီးအကဲအဆင့်မှ ညွှန်ကြားရေးမှူး အဆင့်ထိ အဆင့်ဆင့်သောအရာရှိများကို ဆိုသည်၊

(ဏ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ် အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ တော်ရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည် ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) မျိုးသုန်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ သဘာဝအပင်များနှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး<br>သစ်တောရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာနများ<br>အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာပညာရှင်များ<br>ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၄) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် ဝန်ကြီးကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) အစိုးရက သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရနှင့် အဖွဲ့အစည်းများညှိနှိုင်းပေးခြင်း၊

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၄)

## သဘာဝနယ်မြေများ သတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း

၇။ သဘာဝနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဥယျာဉ်၊

(ဂ) အဏ္ဏဝါ အမျိုးသားဥယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရူပ ထူးခြားသည့်ကြိုးဝိုင်း

(ဆ) ဝန်ကြီးကသတ်မှတ်သော အခြားသဘာဝကြိုးဝိုင်း

၈။ ဝန်ကြီးသည် -

(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(၁) သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊

(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော

မြေတွင် ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်၊

(င) ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ် ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၀။ ဝန်ကြီးသည် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ဂ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ အကျိုးခံစားခွင့်များကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် -

(က) သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသော ဒေသမှအပ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်း တို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) သဘာဝနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နိုင်ငံခြားတိုင်းပြည်များနှင့် အလဲအလှယ် ပြုလုပ်နိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝနယ်မြေများအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည်တည်တံ့နေစေရေး အတွက် ဦးရေအချိုးအစား မျှတစေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ခ) ပုဒ် ဂ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

၁၄။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက် များနှင့်အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံပညာဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန်ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန် အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်းတည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်းထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များရောက်ရှိရပ်နားရာ ရေတိမ်ဘေးမဲ့တောကို ထိန်းသိမ်းရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရူပ ထူးခြားသည့်ကြိုးဝိုင်းအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ရိုးရာဓလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း။

## အခန်း (၅)

## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် -

(က) မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို အောက်ပါ အမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -

(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမာန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(ခ) မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် သဘာဝအပင် အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်၊

(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(ဃ) ကာကွယ်ရန် သတ်မှတ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များမှာ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါက သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေး အတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်း ပြုနိုင်ရန်

ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် လက်ဝယ်ထားခွင့် ပြုနိုင်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်အမျိုးအမည်ကို ထုတ်ပြန်ကြေညာနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရထုတ်ပြန်ကြေညာထားသည့် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ မွေးမြူခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ဃ) သဘာဝနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်းလိုအပ်လျှင် မည်သည့်တိရစ္ဆာန်ကိုမဆို မွေးမြူသူများအား သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇ ရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်ပသို့တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသည့် သစ်တောအရာရှိသည် အမဲလိုက်ခွင့် သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော

တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းရန် ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သူအား စည်းကမ်းချက်များသတ်မှတ်၍ အမဲလိုက်ခွင့် လိုင်စင် ထုတ်ပေးနိုင်သည်။

၂၀။ အမဲလိုက်ခွင့်လိုင်စင် ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့်အခြား မည်သည့်ပုဂ္ဂိုလ်သို့မဟုတ် မည်သည့်စီးပွားရေး အဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ

သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ်သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင် လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၂။ ဝန်ကြီးသည် -

(က) ပုဒ်မခွဲ (က)အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ်သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် တစ်ခုချင်းအလိုက်ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၁ အရ တိရစ္ဆာန်ဥယျာဉ်သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့် ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့် အညီလျှောက်ထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ငန်းလိုအပ်ချက်များနှင့်ညီညွတ်မှုရှိမရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကိုပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ယင်း၏တရားဝင် ဆက်ခံသူက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၂၆။ (က) ဤဥပဒေ အာဏာမတည်မီက လုံးဝကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း၊ လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် သစ်တောရေးရာ

ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) ဤဥပဒေအာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၆ ပုဒ်မခွဲ (က)အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရ မဟုတ်သောအဖွဲ့အစည်းသည် ယင်းတောရိုင်း တိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ လက်ဝယ်ထားရှိလိုလျှင် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၂၆ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်နိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ သစ်တောဝန်ထမ်းများသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ၁၀၀၀ အထိ ပေးဆောင်ရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့်မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပြုပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့်အပင် တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း။

၃၀။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ် ၅၀၀၀ အထိပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) စိုက်ပျိုးထားသည့်အပင် တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၁။ သစ်တောအရာရှိသည် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား ဒဏ်ကြေးငွေ ကျပ် ၁၀၀၀၀ အထိပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၂။ သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ သဘာဝနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသော ပစ္စည်းကို သတ်မှတ်သည့်နည်းလမ်းများနှင့် အညီစီမံခန့်ခွဲရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၃၃။ သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၄။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကို ဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝနယ်မြေ နယ်နိမိတ် အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း။

၃၈။ ပုဒ်မ ၃၆ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၃၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်

လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းကို ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

၃၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၁၂)

## အထွေထွေ

၄၀။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို ဤဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများဖြစ်သည်ဟု မှတ်ယူရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၃။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၄။ ပြည်သူ့ရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများကို ပေးရမည်။

၄၅။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ပေးအပ်

သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၆။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များမထုတ်ပြန်မီ The Wild Life Protection Act, 1936 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကျူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) သစ်တောရေးရာဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သစ်တောရေးရာဝန်ကြီးဌာန သို့မဟုတ် သစ်တောဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၈။ The Wild Life Protection Act, 1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၄)

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၃၂ ကို အောက်ပါပုဒ်မ ဖြင့်အစားထိုးရမည် -

> ၃၂။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပုဂ္ဂိုလ်တစ်ဦး၊ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် တူညီသော စီးပွားရေးလုပ်ငန်းအုပ်စု တစ်ခုအား မိမိ၏ မတည်ငွေရင်းနှင့် သီးသန့်ငွေနှစ်ရပ်ပေါင်း၏ ၂၀ ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်း မပြုရ။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့သတ္တုတွင်း ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၄)

ရန်ကုန်မြို့၊ ၁၃၅၆ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့သတ္တုတွင်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သတ္တုတွင်း** ဆိုသည်မှာ ဓာတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ဓာတ်သတ္တုတူးဖော်ရာတွင်ဖြစ်စေ၊ ဓာတ်သတ္တုတူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသောနေရာတစ်ခုခု၌ ဓာတ်သတ္တုဆင့်တက် ပြုပြင်ရာတွင်ဖြစ်စေ လုပ်ကိုင်သည့် လုပ်ငန်းအရပ်ရပ်၊ အဆောက်အအုံ၊ မြေနေရာနှင့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ခ) **ဓာတ်သတ္တု** ဆိုသည်မှာ မြေထုမှတူးဖော်၍သော်လည်းကောင်း အခြားနည်းဖြင့် သော်လည်းကောင်း ရရှိသည့် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများနှင့် ကျောက်များကို ဆိုသည်၊

(ဂ) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ဆင့်တက်ပြုပြင်ခြင်းမရသေးသော ပတ္တမြား နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှ မျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ စလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညံ့နီလာ၊ နဂါးသွဲ့၊ ကျန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက် သို့မဟုတ် စလင်းအုပ်စုတွင်ပါဝင်သော ရတနာတန်းဝင် ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ် ပြန်ပြီး ကျောက်မျက်ရတနာဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(ဃ) **သတ္တု**ဆိုသည်မှာ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ်၊ သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒီမီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ် သို့မဟုတ် မင်းဂနီးစ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သတ္တုဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(င) **စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ ကြွေကျောက်၊ မြေဖြူ၊ မြေနီ၊ မြေဝါ ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ ဇင့်ကာဘွန်နိတ်၊ လချေးဖြူ သို့မဟုတ် လချေးညိုကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက

အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ကျောက်** ဆိုသည်မှာ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ ပဂ္ဂမတိုက်ကျောက် သို့မဟုတ် လိပ်သဲကျောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ကျောက်ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များ မပါ ဝင်၊

(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းအားလုံးကို တစ်ပေါင်းတည်း ဖြစ်စေ လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်၊

(ဇ) **ဓာတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တု တည်စွဲသည့် အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်းပါဝင်သည်။

(ဈ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အရွယ်အစား၊ ပုံသဏ္ဍာန်၊ တည်နေရာ၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် ဆောင်ရွက်ခြင်းကိုဆိုသည်။

(ည) **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊

ဆင့်တက်ပြုပြင်ခြင်း၊ လုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဠ) **အကြီးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် အများအပြားလိုအပ်သည့် သို့မဟုတ် အထူးနည်းပညာနှင့် နည်းစနစ်များ အသုံးပြုရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဌ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် သို့မဟုတ် အထူးနည်းပညာရပ်နှင့် နည်းစနစ်များ၊ အသုံးပြုရန် မလိုအပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်၊

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကို အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်၊

(ဎ) **ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေး အရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်း ကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများအား သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောသန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း လုပ်ငန်းစဉ်များနှင့် ကျောက်မျက်ရတနာများကို အချောထည်ဖြစ်လာစေရန် ဖြတ်တောက်ခြင်း၊ သွေးခြင်း လုပ်ငန်းစဉ်များလည်းပါဝင်သည်။ သို့ရာတွင် ကျောက်မျက်ရတနာများကို အချောထည်ဖြစ်လာစေရန် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အသေးစားဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းများ မပါ ဝင်၊

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာနကို ဆိုသည်၊

(တ) **ဦးစီးဌာန** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာနကိုဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ ဓာတ်သတ္တု သယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ဓာတ်သတ္တုထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ရန်၊

(ဂ) ဓာတ်သတ္တု သယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(င) ဓာတ်သတ္တု သယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက် ပျက်စီးမှု မရှိစေရန်။

## အခန်း (၃)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ဂ) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများကို အကြီးစားထုတ်လုပ်ခြင်း၊

(ဃ) ကျောက်များကို အကြီးစားထုတ်လုပ်ခြင်း။

၅။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) ကျောက် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း။

၆။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်၊ ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့် စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပေးနိုင်သည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်၊ ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ဂ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း။

၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းအတွက်ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း လုပ်ငန်း ၃ ရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ခြင်း။

၉။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း။

၁၀။ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အရာရှိသည် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်ကျောက်မျက်ရတနာ

သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့်စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

၁၁။ အကြီးစားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ဝန်ကြီးဌာနသည် ပုဒ်မ ၂ ပုဒ်မခွဲ (ဠ)၊ (ဋ)နှင့် (ဍ)တို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ ဆုံးဖြတ်ရမည်။

## အခန်း (၄)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းများကိုလိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့်နှုန်းထားများအပေါ်တွင် အခြေခံ တွက်ချက်ထားသည့် မြေငှားရမ်းခကို ပေးဆောင်ရမည်၊

(ဃ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) အာမခံငွေကိုဖြစ်စေ၊ ကြိုတင်ငွေကိုဖြစ်စေ၊ အာမခံငွေနှင့်ကြိုတင်ငွေ နှစ်မျိုးလုံးကို ဖြစ်စေ ပေးဆောင်ရမည်၊

(စ) ဤဥပဒေအရ ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ မြန်မာငွေ နှင့် နိုင်ငံခြားငွေ နှစ်မျိုးလုံးဖြင့်ဖြစ်စေ ပေးဆောင်ရမည်။

၁၃။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၏ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမား၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) သတ္တုတွင်း၌ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့ အစီရင်ခံခြင်း၊

(ဆ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

## အခန်း (၅)
## ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေ သုံးစွဲခွင့်

၁၄။ ဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာ နယ်မြေအတွင်း ကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ

သည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပေးပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီမှုရရှိပြီးမှသာ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၅။ ဝန်ကြီးဌာနသည် ဓာတ်သတ္တု စီးပွားဖြစ်ထုတ်လုပ်နိုင်မည့်မြေကို နိုင်ငံတော်အကျိုးငှာ လိုအပ်လျှင် တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အများပြည်သူသုံးဆိုင်ရာရေကို ရယူသုံးစွဲရန် လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရမည်။

၁၇။ ဦးစီးဌာနသည် ပုဒ်မ ၁၆ အရ တင်ပြချက်ကို စိစစ်၍ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာရေကို ရယူသုံးစွဲရန် အမှန်တကယ် လိုအပ်နေကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## ဓာတ်သတ္တုခွန်

၁၈။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများ ရောင်းချသည့်အခါ ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအတွင်း ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဓာတ်သတ္တုခွန်ပေးဆောင်ရမည် -

(က) ကျောက်မျက်ရတနာများအတွက် ၅ ရာခိုင်နှုန်းမှ ၇.၅ ရာခိုင်နှုန်း၊

(ခ) ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အော်စ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ်နှင့်

ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊

(ဂ) သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကဒ်မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနီးစ်နှင့် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်စာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက် ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် ၁ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း။

၁၉။ ဦးစီးဌာနသည် ပုဒ်မ ၁၈အရ ရောင်းချသည့် ဓာတ်သတ္တုတန်ဖိုးကို တွက်ချက်ရာတွင် ရောင်းချချိန်၌ ဖြစ်ပေါ်လျက်ရှိသည့် အဆိုပါဓာတ်သတ္တု၏ အပြည်ပြည်ဆိုင်ရာဈေးနှုန်းကို အခြေခံ၍ သတ်မှတ်ချက်များနှင့်အညီ တွက်ချက်ရမည်။

၂၀။ ဝန်ကြီးဌာနသည် -

(က) ဓာတ်သတ္တုရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းမှရရှိသော ဓာတ်သတ္တုနှင့် စပ်လျဉ်း၍ ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်ကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ဓာတ်သတ္တုထုတ်လုပ်မှု တိုးတက်ရေးကို ရှေးရှုလျက် ခွင့်ပြုမိန့်ရရှိသူ ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အချိန်ကာလ သတ်မှတ်၍ လျှော့ပေါ့ပေးနိုင်သည်၊

(ဂ) ဓာတ်ခွဲရန်၊ စမ်းသပ်ရန် နှင့် အခြားစစ်ဆေးမှုများပြုလုပ်ရန် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက ရယူသော ဓာတ်သတ္တုနမူနာများ အတွက် ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(ဃ) ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အချိန်ကာလသတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ဓာတ်သတ္တုခွန်ကို တိတိကျကျ သတ်မှတ် စည်းကြပ်ရန် မဖြစ်နိုင်သောကာလအတွင်း ယာယီဓာတ်သတ္တုခွန်ကို စည်းကြပ် နိုင်သည်။

## အခန်း (၇)

## ဓာတ်သတ္တုကန့်သတ်နယ်မြေ၊ ရတနာနယ်မြေ သတ်မှတ်ခြင်း

၂၁။ ဝန်ကြီးဌာနသည် -

(က) ဓာတ်သတ္တု စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တု ကန့်သတ်နယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ဓာတ်သတ္တု ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခြင်းမပြုမီ မည်သည့်နယ်မြေကို ယင်းသို့သတ်မှတ်ရန် ရည်ရွယ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်၊

(ဂ) ဓာတ်သတ္တု ကန့်သတ်နယ်မြေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေ ရှိ အများပြည်သူတို့၏ သင့်လျော်သောအခွင့်အရေးများ ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောက်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကျွမ်းကျင်သူများ ပါ ဝင်သည့်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ဃ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်ရှိသော မြေတွင်ပုဒ်မခွဲ (က)အရ ဓာတ်သတ္တု ကန့်သတ်မြေ သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

( င) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ် စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က)အရ ဓာတ်သတ္တုကြန့်သတ်နယ်မြေ သတ်မှတ်လိုပါ က တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၂။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ စီးပွားထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ပြီးသည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကျွမ်းကျင်သူများ ပါဝင်သည့်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုကြန့်သတ်နယ်မြေ သို့မဟုတ် ရတနာနယ်မြေတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေ၏ အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ သဘာဝအလျောက် တွေ့ရှိရသော ဓာတ်သတ္တုသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၈)

## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။

၂၆။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်မဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဦးစီးဌာနသည် သင့်လျော်သော အရာရှိကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိ အဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(ခ) မိမိ၏ လုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေ နိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမား တစ်ဦးဦးကဖြစ်စေ ဤဥပဒေအရထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ခွင့်ပြုမိန့်ထုတ်ပေးသူသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့််ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

## အခန်း (၁၀)
## တားမြစ်ချက် ထုတ်ပြန်ခြင်း

၂၉။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ဓာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များထုတ်ပြန်နိုင်သည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ခ) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း

(ဃ) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း။

၃၁။ မည်သူမဆို ပုဒ်မ ၂၉ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၃နှင့် စပ်လျဉ်းသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကို ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓာတ်သတ္တု ကန့်သတ်နယ်မြေ သို့မဟုတ် ရတနာနယ်မြေအတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၄။ တရားရုံးသည် ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော ဓာတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြား စက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၁၂)

## အထွေထွေ

၃၅။ ဤဥပဒေကို မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသောလိုင်စင် သို့မဟုတ် ပါမစ်သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။

၃၆။ ဤဥပဒေကို မပြဋ္ဌာန်းမီက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ရှိရင်းစွဲ ရတနာမြေများသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ရတနာနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးသို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်းအစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၈။ ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည့် အက်ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၀။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Upper Myanmar Ruby Regulation, 1887.

(ခ) The Mines Act, 1923.

(ဂ) ၁၉၆၁ ခုနှစ် ပြည်ထောင်စုသတ္တုတွင်းများနှင့် သတ္တုများအက်ဥပဒေ။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၄)**

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်

(၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ဝန်ထမ်းများ ကွယ်လွန်သည့်အခါ ကျန်ရစ်သူမိသားစု၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်အလို့ငှာ ဂန်ထမ်းများ၏ မိသားစုပင်စင်ခံစားခွင့်ကို ကွယ်လွန်သူ ဂန်ထမ်းရရှိသည့်ပင်စင်လစာ၏ ထက်ဝက်အစား လေးပုံသုံးပုံသို့ တိုးမြှင့်ခံစား ခွင့်ပြုခဲ့ပြီး ဖြစ်သည်နှင့်အညီ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် ကွယ်လွန်သည့်အခါ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်ကိုလည်း အလားတူ တိုးမြှင့်ခံစား ခွင့်ပြုရန် လိုအပ်သည့်အလျောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၆ တွင်ပါရှိသော "နိုင်ငံရေးလစဉ်ပင်စင်၏ ထက်ဝက်" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးလစဉ်ပင်စင်၏ လေးပုံသုံးပုံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့